# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 13 , 2023 Volume 64, Number 8


၁၃.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၁.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၄.၈ ကျပ် |
| ဆွစ်ဇာလန်ဖရန့်တစ်ဖရန့် | = ၁၃၉၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၆၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးတီးတက္ကစီယာဉ်များတွင် မီတာတပ်ဆင်ကာ နှုန်းထားသတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

စီးတီးတက္ကစီယာဉ်များတွင် မီတာတပ်ဆင်ကာ နှုန်းထားသတ်မှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)က သိရသည်။

ယင်းသို့တပ်ဆင်ရခြင်းမှာ စီးတီးတက္ကစီနှုန်းထား သတ်မှတ်ရေးဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီး၏ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေ (၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်) အရ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

တပ်ဆင်ရာတွင် အစပျိုးစမ်းသပ်ကာလ(pilot Project) အနေဖြင့် ယာဉ်အစီး ၅၀၀ အား စတင်တပ်ဆင်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ "ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကနေပြီးတော့ ၂၀၁၅ ခုနှစ်မှာ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေထုတ်ပြန်ထားတာရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်ကြီးကြပ်မှုကော်မတီအနေနဲ့ တက္ကစီယာဉ်စီးခတွေ သတ်မှတ်နိုင်ဖို့ ဆောင်ရွက်လျှက်ရှိပါတယ်။ မကြာမီ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြပြီးတော့ သင့်တင့်မျှတတဲ့ ယာဉ်စီးခနှုန်းဖြစ်အောင် မီတာစနစ် တပ်ဆင်နိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်" ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီအနေ(YRTC)၏ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောကြားသည်။

ရန်ကုန်တိုင်ဒေသကြီး၏ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေ( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်) (၂၈)(င) တွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီသည် အငှါးယာဉ် Taxi များအားလုံး မီတာဖြင့်အသုံးပြုနိုင်ရေး၊ ခေတ်မီနည်းစနစ်များ တပ်ဆင်အသုံးပြုနိုင်ရေး အောင်မြင်အောင် ဆောင်ရွက်ရမည်ဟု ဖော်ပြထားပြီး နည်းဥပဒေ(၂၈)(ည)တွင်လည်း အငှါးယာဉ် Taxi များ၏ ငှါးရမ်းခနှုန်းထားများ ၊ မီတာနှုန်းများသတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို တိုင်းဒေသကြီးမော်တော်ယာဉ်များ ကြီးကြပ်မှုကော်မတီသို့ တင်ပြသတ်မှတ်ရမည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စီးတီးတက္ကစီမှတ်ပုံတင်ထားသည့် ယာဉ်အစီးအရေမှာ ၆၅၀၀၀ ခန့်ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် တက္ကစီယာဉ်ပြေးဆွဲခြင်း လုပ်ငန်းရပ်အားလုံးကို စည်းကမ်းထိန်းသိမ်းရန်အတွက်လည်းကောင်း၊ စနစ်တကျခရီးသည်ပို့ဆောင်ရေးကို ယုံကြည်စိတ်ချစွာ

ဝန်ဆောင်မှုဆောင်ရွက်နိုင်ရန်လည်းကောင်း၊ အုပ်ချုပ်မှုဆိုင်ရာ စနစ်တကျစီမံမှုပြုနိုင်ရန်လည်းကောင်း၊ အသင်းဝင်များ၏ အကျိုးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်ရည်ရွယ်၍ ရန်ကုန်စီးတီးတက္ကစီအသင်း(Yangon City Taxi Association– YCTA)၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ အလုပ်အမှုဆောင်ကော်မတီဝင်များ ရွေးချယ်တင်မြှောက်ခြင်းကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ အမှတ် (၂၆)၊ ပင်လုံလမ်း (၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)အသင်းရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး အလုပ်အမှုဆောင် (၂၀) ဦးကို ဆန္ဒမဲပေးရွေးချယ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)က သတင်းထုတ်ပြန်ထားသည်။

Source: https://news-eleven.com/article/245659

## ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းလျက်ရှိ



Source: (DOCA)ပဲခူး

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အနေဖြင့် ဆောင်းပဲတီစိမ်း စိုက်ပျိုး ဧကမှာ (၁၉၈၄၃)ဧက စိုက်ပျိုးထားပြီး၊ ရွှေတောင်မြို့နယ်အနေဖြင့် ဆောင်းပဲတီစိမ်း(၈၃၂)ဧကစိုက်ပျိုးပြီး မီးလောင်အုပ်စုတွင် (၃၈)ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ရွှေတောင်မြို့နယ် မီးလောင်အုပ်စု၊ ဝါးလည်ကျေးရွာရှိ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးသည် ပဲတီစိမ်းဒေသမျိုး(၅)ဧက စိုက်ပျိုးထားပြီး ယခင်နှစ်ကလည်း အလားတူစိုက်ပျိုးထားကြောင်း၊ ပဲတီစိမ်းတစ်ဧက စိုက်ပျိုးထုတ်လုပ်ကုန်ကျစရိတ်အနေဖြင့် (၂၂၀၀၀၀)ကျပ်ခန့် ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် (၁၂)တင်းခန့်ထွက်ရှိကြောင်း၊ ယခုနှစ် ပဲတီစိမ်းပေါက်ဈေးမှာ ပိဿာ (၂၀) တစ်တင်းလျှင် (၅၅၀၀၀)ကျပ်ဖြင့် ရောင်းချရပြီး ယခင်နှစ်တွင် ပဲတီစိမ်းတစ်တင်းလျှင် (၄၅၀၀၀)ကျပ်ဖြစ်ခဲ့၍ ယခုနှစ်ထက် တစ်သောင်းကျပ်ခန့် ဈေးပိုရရှိသဖြင့် တောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**Source: (DOCA)ပဲခူး**

**Commerce.gov.mm**

## မတ်လ တတိယပတ်အတွင်း မုံရွာကြက်သွန်နီ ဈေးကွက်အခြေအနေ

မတ်လတတိယအပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ်ပိဿာချိန် ၃၀၀၀၀ ကျော်ဝင်ရောက်လျှက်ရှိပါသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့်ချင်းတွင်းအထက်မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်းသိရသည်။

မတ်လဒုတိယအပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျှက်ရှိသော ကြက်သွန်နီပေါက်ဈေးနှုန်းများမှာ တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ (ကြီး) (၁၀၀၀မှ ၁၀၅၀)ကျပ်၊ (လတ်) (၉၅၀မှ၁၀၀၀) ကျပ်၊ (သေး) (၈၀၀–၈၅၀)ကျပ်ပေါက်ဈေးရှိပြီး အလုံးဆိုက်၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုများရှိပါသည်။ လက်လီဈေးနှုန်းများမှာ တစ်ပိဿာ (ကြီး) (၁၃၀၀မှ၁၂၀၀)ကျပ်၊ (လတ်)(၁၀၀၀မှ၁၁၀၀) ကျပ်၊ (သေး) (၈၀၀မှ၉၀၀) ကျပ်ထိပေါက်ဈေးရှိပါသည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျဆင်းလာကြောင်း သိရပါသည်။ ကြက်သွန်ဖြူဈေးနှုန်းမှာ လက်လီတစ်ပိဿာ (ဗမာ) (၄၅၀၀မှ၅၂၀၀)ကျပ်၊ (ရှမ်းစ) (၄၀၀၀မှ၄၅၀၀)ကျပ်၊ ကြူကုတ် (၅၅၀၀ မှ ၆၀၀၀) ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီးအရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source: ဇေယျာကုန်သွယ်မှုဇဟိုဌာန**

## အာရှ၏ ပထမဆုံးစီမံကိန်း၊ အရှေ့တောင်အာရှ၏ အကြီးမားဆုံးနှင့် လာအိုနိုင်ငံ၏ ပထမဆုံး လေအားလျှပ်စစ်စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှငွေချေးရန် လက်မှတ်ရေးထိုးခဲ့ခြင်း



၆၀၀ မီဂါဝပ်ရှိ လေအားလျှပ်စစ်စက်ရုံကို လာအိုနိုင်ငံတောင်ပိုင်း Sekong နှင့် Attapeu ပြည်နယ်များတွင် တည်ထောင်နိုင်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မုတ်သုံလေအားလျှပ်စစ် ကုမ္ပဏီလီမိတက် (Monsoon Wind Power Company Limited) တို့အကြား အမြတ်စတင်ရရှိသည့် အချိန်မှသာလျှင် ပြန်လည်ပေးဆပ်ရန် လိုအပ်သည့် ငွေချေးခြင်းစီမံကိန်းကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

လေတာဘိုင်ပေါင်း ၁၃၃ ခု ပါဝင်သည့် အဆိုပါစီမံကိန်းသည် အရှေ့တောင်အာရှ၏ အကြီးမားဆုံးနှင့် လာအိုနိုင်ငံ၏ ပထမဆုံးလေအားလျှပ်စစ်လုပ်ငန်းဖြစ်ပြီး ရရှိလာသောစွမ်းအင်ကို အိမ်နီးချင်း ဗီယက်နမ်နိုင်ငံသို့ ရောင်းချမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါစီမံကိန်းသည် အာဆီယံနိုင်ငံများအတွင်း အကြီးမားဆုံးဖြစ်ပြီး ငွေချေးလုပ်ငန်းစဉ် တစ်ခုလုံးကို အာရှဖွံ့ဖြိုးရေးဘဏ်က ဦးဆောင်ခဲ့ကြောင်း၊ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ငွေလုံးငွေရင်းချေးငွေ (A loan) အဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာသန်း ၁၅၀ ကို လုပ်ငန်းစု အလိုက်ချေးငွေ (B loan) အဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၅၀ ကို သက်သာခွင့်နှင့်ရရှိသော ချေးငွေအဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၃၈၂.၅၅ ကို ချေးငွေများ (Parallel) အဖြစ်လည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၁၀ ကို ထောက်ပံ့ငွေအဖြစ်လည်းကောင်း သတ်မှတ်ပေးအပ်သွားမည် ဖြစ်ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများဌာန ညွှန်ကြားရေးမှူးချုပ် Suzanne Gaboury က အာရှနှင့် ပစိဖိတ်ဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများရရှိရန်မှာ ရာသီဥတုနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ အားနည်းကြောင်း၊ ယခုစီမံကိန်းသည် အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး လေမှတစ်ဆင့် သန့်ရှင်းသောစွမ်းအင်ကို ထုတ်လုပ်ပေးကာ ဒေသတွင်းလူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအရှိန်ရစေမည် ဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ အသုံးပြုခြင်းမရှိသေးသော လေသဘာဝရင်းမြစ်များကို သန့်ရှင်းသောစွမ်းအင်၊ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန်နှင့် စီးပွားရေးအတွက် ရေရှည်အကျိုးအမြတ်ရရှိစေရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် မိတ်ဖက်များက ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

လာအိုနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နယ်စပ်ဖြတ်ကျော် လျှပ်စစ်စွမ်းအင်ရောင်းချရေးသည် မဏ္ဍိုင်တစ်ခု ဖြစ်ပြီး မိုးရာသီမှသာ ထုတ်လုပ်နိုင်သော ရေအားလျှပ်စစ်ကဲ့သို့ စွမ်းအင်မျိုးထက် ရာသီမရွေးထုတ်လုပ်နိုင်သော လေအားလျှပ်စစ်ကို စွမ်းအင်အမယ်ကွဲတစ်မျိုးအဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းကြောင့် ဖန်လုံအိမ်မှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ် တန်ချိန် ၇၄၈,၈၆၇ ခန့်ကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

လုပ်ငန်းစုအလိုက်ချေးငွေ (B loan) ထဲမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ထိုင်း ကူးသန်းရောင်းဝယ်ရေးဘဏ် (Siam Commercial Bank) နှင့် အမေရိကန်ဒေါ်လာ သန်း ၅၀ ကို ဆူမီတိုမိုမစ်ဆူအိဘဏ်လုပ်ငန်းကော်ပိုရေးရှင်း (Sumitomo Mitsui Banking Corporation) မှ လည်းကောင်း၊ သက်သာခွင့်နှင့် ရရှိသောချေးငွေထဲမှ အမေရိကန်ဒေါ်လာ သန်း ၂၀ ကို Leading Asia's Private Infrastructure Fund (LEAP) နှင့် အမေရိကန်ဒေါ်လာ သန်း ၃၀ ကို Canadian Climate Fund for the Private Sector in Asia) မှလည်းကောင်း၊ Parallel ချေးငွေများအနက် အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကို Japan International Cooperation Agency (JICA)မှလည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ကာစီခွန်ဘဏ် (Kasikorn Bank) မှ လည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၇၂.၅၅ ကို အာရှအခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank) မှလည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၆၀ ကို ထိုင်းနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာဘဏ်မှလည်းကောင်း၊ အမေရိကန်ဒေါ်လာ သန်း ၃၀ ကို Hong Kong Mortgage Corporation Limited မှလည်းကောင်း ချေးယူထားခြင်းဖြစ်ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ ရန်ပုံငွေနှင့်ပုဂ္ဂလိကကဏ္ဍတို့မှ ထောက်ပံ့ငွေ

(Grant) အမေရိကန်ဒေါ်လာ ၁၀ သန်းသည် ငွေချေးသူများအတွက် စီမံကိန်းဆိုင်ရာဆောင်ရွက်ရာတွင် တွေ့ကြုံရသော အတားအဆီးများကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

**Source: Asia Development Bank**

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှုအခြေအနေ



Source: https://www.commerce.gov.mm

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိက တင်ပို့နေသောပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ မတ်လ ၀၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ ပို့ကုန်တန်ချိန် (၄၁၆၈)၊ တန်ဖိုး အမေရိကန် ဒေါ်လာ (၅.၆၃၆) သန်း၊ သွင်းကုန်တန်ချိန် (၉၃၉)၊ (၇၅၀) M2၊ (၇၇) U၊ (၂၆၄၀) BBL၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၀.၆၄၈)သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၈၄ သန်းဖြစ်သည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်အများဆုံး တင်သွင်းခဲ့ သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ကြွေပြား၊ ဆား၊ ကုန်စုံ၊ စတီးဝါယာကြိုး၊ ဒီဇယ်၊ ခုတ်ဆီ၊ ဆီလီကွန်၊ ဆာလဖာ၊ ကျောက်ချဉ်၊ မီးသွေးမှုန့်၊ ရေသန့်စင်စက်၊ ရေကူးကန်သုံးအပိုပစ္စည်း၊ နိုင်လွန်ကြိုး၊ ငါးဖမ်းပိုက်ကွန် တို့ဖြစ်ကြောင်း သိရှိရသည်။

Source: https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## တရုတ်နိုင်ငံ၏ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖေဖော်ဝါရီလတွင် စီးပွားရေးလုပ်ဆောင်မှုများ တိုးတက်လာဟု ဖော်ပြထား



Source: xinhuamyanmar.com

စီးပွားရေးတည်ငြိမ်စွာ ပြန်လည်ကောင်းမွန်လာသော အခြေအနေတွင် တရုတ်နိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) သည် ဖေဖော်ဝါရီလ၌ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာကြောင်း မတ်လ ၁၀ ရက် ထုတ်ပြန်သော စက်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များက ထုတ်ဖော်ပြသခဲ့သည်။

အဓိကစက်မှုလုပ်ငန်းကြီး ၈ ခုမှ SME လုပ်ငန်း ၃,၀၀၀ ၏ စစ်တမ်းကောက်ယူမှုပေါ် အခြေခံတွက်ချက်ထားသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်း၌ ယမန်နှစ် ဒီဇင်ဘာတွင် ၈၇.၉ ၊ ဇန်နဝါရီတွင် ၈၈.၉ ရှိရာမှ မြင့်တက်လာခဲ့ကာ ပြီးခဲ့သည့်လတွင်မူ ၈၉.၆ ရှိခဲ့ကြောင်း တရုတ်နိုင်ငံ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအသင်းက လစဉ်ထုတ်အစီရင်ခံစာအရ သိရသည်။

https://xinhuamyanmar.com/mm-en/ne-2303011003/

# STOCK EXCHANGE (13.3.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,619 (Shares) | 18,690,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +100 | +1.20% | 8,400 | 8,500 | 8,400 | 1,214 | 10,197,700 | 33,109,694 | 278,121 |
| MTSH | 00002 | 3,200 | -50 | -1.54% | 3,200 | 3,200 | 3,200 | 1,462 | 4,678,400 | 38,929,150 | 124,573 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 10 | 77,000 | 10,400,986 | 80,088 |
| FPB | 00004 | 1,600 | -50 | -3.03% | 1,650 | 1,650 | 1,600 | 1,700 | 2,725,000 | 29,664,613 | 47,463 |
| TMH | 00005 | 2,550 | -100 | -3.77% | 2,550 | 2,550 | 2,550 | 55 | 140,250 | 12,823,224 | 32,699 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 178 | 872,200 | 10,497,598 | 51,438 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 13th Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.71 | -0.80 | -0.21% | 380.28 | 382.16 | 378.71 | 4,619 | 18,690,550 | 7 | 667,322 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12:30 pm, 13th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 4,619 (Shares) | 18,690,550 (MMK) |

### Main Board

As of 1:00 pm, 13th Mar. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,619 (Shares) | 18,690,550 (MMK) |

| MYANPIX | 378.71 ▼ 0.80 |
|---|---|
| Total Volume (shares) | 4,619 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 667,322 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 100 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,600 | ▼ 50 |
| TMH | 00005 | 2,550 | ▼ 100 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |